## သင်၏လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းဝေးရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်း

### သတင်းထုတ်ပြန်ချက်

*ပြောင်းရွှေ့အခြေချသူ အလုပ်သမားများအတွက် လမ်းညွှန်ချက်*

ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်၌ သင့်လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းဝေးရေးကို အဆင့်မြင့်မြင့် ပြုလုပ်ရန်နှင့် သင့်အလုပ်ကြောင့် သင်ဒဏ်ရာရခြင်း သို့မဟုတ် ထိခိုက်ခြင်းမဖြစ်အောင်ကာကွယ်ပေးရန် ဥပဒေဆိုင်ရာ လိုအပ်ချက်ရှိပါသည်။ လုပ်ငန်းခွင်များ အန္တရာယ်ကင်းဝေးရေးမှာ အလုပ်ရှင်နှင့် အလုပ်သမားများ၏ စုပေါင်းလုပ်ဆောင်မှုအပေါ်မူတည်ပါသည်။

အလုပ်ရှင်များသည် တတ်နိုင်သရွေ့ ဘေးအန္တရာယ်ကင်းဝေးသော လုပ်ငန်းခွင်နေရာကို ဖန်တီးပေးရန် တာဝန်ရှိပါသည်။ ၎င်းကို 'စောင့်ရှောက်မှုတာဝန်' ဟုခေါ်သည်။ သင်သည်လည်း အလုပ်သမားတစ်ဦးအနေနှင့် အန္တရာယ်ကင်းအောင် အလုပ်လုပ်ရန်နှင့် အခြားသူများ၏ အန္တရာယ်ကင်းဝေးအောင်နှင့် ကျန်းမာရေးမထိခိုက်အောင်လည်း အလုပ်လုပ်ရန် တာဝန်ရှိပါသည်။

ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်၌ အလုပ်ရှင်များက အန္တရာယ်ကင်းသော လုပ်ငန်းခွင်ဖန်တီးပေးရန် တစ်ဦးခြင်း၏ လိုအပ်ချက်များကို ထည့်စဉ်းစားဖို့လိုကြောင်း ဥပဒေပြဋ္ဌာန်းထားပါသည်။ ဥပမာ သူတို့သည် အင်္ဂလိပ်စကား အနည်းငယ်သာ ပြောနိုင်သူများကိုင်း၊ အခြားလိုအပ်ချက်များရှိနေသူများကိုင်း ဘေးအန္တရာယ်ကင်းဝေးစေရန် သိကောင်းစရာအချက်များကို မည်သို့နည်းဖြင့် ဆက်သွယ်အသိပေးမည်ကို စဉ်းစားရန် လိုအပ်လာပါသည်။

**လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ရာတွင်ပါဝင်ခြင်း**

အလုပ်သမားတစ်ဦးနေနှင့် သင့်လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းဝေးရန်နှင့် ကျန်းမာရေးအတွက် ကောင်းမွန်ရန် သင်ပါဝင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများစွာရှိပါသည်။ သင်သည် အောက်ဖော်ပြပါအချက်များ ဆောင်ရွက်ခြင်းဖြင့် ပါဝင်နိုင်သည် -

- သင်အခက်အခဲတွေ့သော ကိစ္စရပ်များကို သင့်အလုပ်ရှင်၊ အလုပ်ကြီးကြပ်သူနှင့် ဘဝတူ အလုပ်သမားများကို တိုက်ရိုက် ပြောပြခြင်း
- မည်သည့်ဘေးအန္တရာယ်များ၊ သို့မဟုတ် ထိခိုက်မှုများမဆို၊ သို့မဟုတ် ဖြစ်နိုင်ခြေရှိသော မည်သည့် ဘေးအန္တရာယ်များ၊ သို့မဟုတ် ထိခိုက်မှုများကိုမဆို၊ အလုပ်ကြီးကြပ်သူသို့မဟုတ် အလုပ်ရှင်ထံ အသိပေးခြင်း
- သင်ကောင်းစွာမသိသေးသော မည်သည့် အန္တရာယ်ကာကွယ်မှု လေ့ကျင့်ရေးလုပ်ငန်းစဉ်မဆို ပါဝင်ဆောင်ရွက်ခြင်း
- သင်ကောင်းစွာမသိသေးသော မည်သည့်ကိစ္စရပ်များကို မေးမြန်းခြင်း
- လိုအပ်ပါက ဥပမာ၊ စကားပြန်သို့မဟုတ် ဘာသာပြန်တစ်ဦး အသုံးပြုပြီး သင့်လိုအပ်ချက်များကို လိုက်လျောညီစွာ ဖြည့်ဆီးရန် လိုအပ်သည့်အချက်အလက်များနှင့် လေ့ကျင့်ပေးမှုများ မေတ္တာရပ်ခံခြင်းနှင့်
- ဘေးအန္တရာယ်ကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိုယ်စားလှယ်များ သို့မဟုတ် ဘေးအန္တရာယ်ကင်းရေးနှင့် ကျန်းမာရေး ကော်မီတီဝင်များရှိနေလျှင် မေးစရာရှိသည်များကို သူတို့ကိုမေးရန်

အထက်ပါအချက်များအား မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လုပ်ငန်းခွင် အန္တရာယ်ကင်းဝေးရေး (WorkSafe) ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ WorkSafe သည် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းဝေးရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေများအား လိုက်နာမှုရှိအောင်ကြီးကြပ်ရန်နှင့် လုပ်ငန်းခွင်များ အန္တရာယ်ကင်းခြင်းရှိ၊ မရှိ စစ်ဆေးရန် အာဏာအပ်နှင်းထားသော အစိုးရ ဌာနတစ်ခုဖြစ်သည်။ WorkSafe တွင် သင့်စိတ်ပူပန်ခြင်းများ သို့မဟုတ်သိလိုသည်များကိုမေးရန် ဖုန်းဖြင့်ဆက်သွယ်နိုင်သော ပြန်ကြားရေးဌာနရှိပါသည်။ သင့်အနေနှင့် သင်၏မေးမြန်းခြင်းကို လျှို့ဝှက်ထားရန်နှင့် သင့် ကိုယ်ရေးအချက်အလက်များအား အခြားသူကို မပေးရန် မေတ္တာရပ်ခံနိုင်ပါသည်။

WorkSafe

Level 5, 1260 Hay Street, WEST PERTH WA 6005

တယ်လီဖုန်း - 1300 307 877

ဖက်စ် - (08) 9321 8973

အီးမေးလ် - safety@commerce.wa.gov.au

အင်တာနက်နေရာ - www.worksafe.wa.gov.au

| သင့်ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို စစ်ဆေးရန်အချက်များ | |
|---|---|
| | သင့်အလုပ်ရှင်သည် အောက်ဖော်ပြပါ တာဝန်များရှိသည် -<br>- သင် အန္တရာယ်ကင်းစွာ အလုပ်လုပ်နိုင်အောင် သင့်အား လေ့ကျင့်သင်ကြားပေးရန်<br>- သင့်အလုပ်နှင့်ဆက်နွယ်နေသော ဘေးအန္တရာယ်များနှင့် ဖြစ်နိုင်သော အန္တရာယ်များအကြောင်းကို သင့်အားအသိပေးထားရန်<br>- သင်အန္တရာယ်ကင်းစွာနှင့် ကျန်းမာရေးလည်းမထိခိုက်အောင် အလုပ်လုပ်နိုင်ရန် ကိရိယာများ၊ စက်ပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများ၊ မည်ကဲ့သို့ကိုင်တွယ်အသုံးပြုရသည်ကို အသိပေးထားရန်<br>- အန္တရာယ်တားဆီးရေး ပစ္စည်းများနှင့် တစ်ဦးခြင်း အန္တရာယ်ကာကွယ်ရေး ပစ္စည်းများအား မည်ကဲ့သို့ အသုံးပြုရသည်၊ မည်ကဲ့သို့ ထိန်းသိမ်းရသည်ကို သင့်အားအသိပေးထားရန်<br>- အန္တရာယ်ကင်းဝေးရေးဆိုင်ရာ မည်သည့်မကျေနပ်ချက်မဆို၊ သို့မဟုတ် မည်သည့် စိတ်ပူပန်စရာမဆို ဖြေရှင်းရန်နည်းလမ်းကို သင်သိထားရန်<br>- အရေးပေါ်အခြေအနေတွင် သင်ဘာလုပ်ရမည်ကို အသိပေးထားရန်<br>- သင် ထိခိုက်ဒဏ်ရာရပါက သင်ဘာလုပ်ရမည်ကို အသိပေးထားရန်<br>- သင် ထိခိုက်ဒဏ်ရာရပါက သင်လျော်ကြေးရနိုင်သည့် အခွင့်အရေးရှိကြောင်းကို အသိပေးထားရန်<br>- သင့်အတွက် ဘေးအန္တရာယ်ရှိသည်ဟုယူဆလျှင် ထိုအလုပ်ကို သင်ရပ်နိုင်သည့်အခွင့်အရေးရှိကြောင်း သင့်ကို အသိပေးထားရန်၊ ထို့အပြင်<br>- ဘေးအန္တရာယ်ကင်းဝေးရေးဆိုင်ရာ စိတ်ပူပန်မှုများအတွက် သင့်အားကူညီရန် WorkSafe ကို သင်ဆက်သွယ်နိုင်ကြောင်း အသိပေးထားရန် တို့ဖြစ်သည်။ |
| | လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းဝေးရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆီးရန် သင့်တွင် အောက်ဖော်ပြပါ တာဝန်ဝတ္တရားများရှိသည်။<br>- သင့်လုပ်ငန်းခွင် အန္တရာယ်ကင်းဝေးရန်နှင့် ကျန်းမာရေးမထိခိုက်စေရန်အတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန်<br>- လုပ်ငန်းခွင်တွင် သင့်လုပ်ဆောင်ချက်များသည် သူတစ်ပါးကို ထိခိုက်ဒဏ်ရာရမှုမရှိစေရေး သတိပြုရန်<br>- မည်သည့် ဘေးအန္တရာယ်များ၊ ထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ် ကျန်မာရေးချွတ်ယွင်းချက်များကိုမဆို သင် အလုပ်ကြီးကြပ်သူ နှင့်/သို့မဟုတ် အလုပ်ရှင်ကို သတင်းပို့ရန်<br>- အန္တရာယ်တားဆီးရေးပစ္စည်းများနှင့် တစ်ဦးခြင်း အန္တရာယ်ကာကွယ်ရေး ပစ္စည်းများအား သင့်ကို ညွှန်ကြားပြသထားသည့်အတိုင်း ကိုင်တွယ်အသုံးပြုရန်နှင့် ထိုပစ္စည်းများ ချွတ်ယွင်းမှုတစုံတရာရှိပါက သတင်းပို့ရန်<br>- အရေးပေါ်စီမံချက်များ သတ်မှတ်ထားသည့်အတိုင်း လိုက်နာရန်<br>- သင့်ကိုပေးသည့် သိကောင်းစရာများကို နားမလည်ပါက သက်ဆိုင်ရာကို မေးရန် တို့ဖြစ်သည် |

**နောက်ထပ် ပံ့ပိုးနိုင်သည်များ**

*သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် အလုပ်သမားသမဂ္ဂများဆိုင်ရာ အဖွဲ့အစည်း*

သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် အလုပ်သမားသမဂ္ဂများဆိုင်ရာ အဖွဲ့အစည်းသည် အဖွဲ့ဝင်အလုပ်သမားသမဂ္ဂပေါင်း ၄၀ ကျော်နှင့် ၎င်းတို့၏ အဖွဲ့ဝင်များကို ကိုယ်စားပြုသည့် အမြင့်ဆုံး အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းဖြစ်သည်။ အလုပ်သမားသမဂ္ဂများသည် အလုပ်သမားများ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အကြံပေးနိုင်သည်။

Level 4, 445 Hay Street, PERTH  WA  6000
တယ်လီဖုန်း - (08) 9328 7877
ဖက်စ် -  (08) 9328 8132
အီးမေးလ် -  unionsyes@unionswa.com.au
အင်တာနက်နေရာ - www.unionswa.com.au

*သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် အလုပ်သမားများအခွင့်အရေး အကာအကွယ်ပေးရေးအဖွဲ့ (WorkCover)*

သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် WorkCover သည် အလုပ်သမားများ၏နစ်နာကြေးများနှင့် ထိခိုက် ဒဏ်ရာရမှုများအတွက် အုပ်ချုပ်မှုကိစ္စများဆောင်ရွက်သော အစိုးရဌာနဖြစ်သည်။

2 Bedbrook Place, SHENTON PARK  WA  6008
တယ်လီဖုန်း - (08) 9388 5555
ဖက်စ် -  (08) 9388 5550
အင်တာနက်နေရာ - www.workcover.wa.gov.au